# ချမ်းသာခြင်းအစစ်

## Who is Rich?

ကျွန်ုပ်သည် ချမ်းသာကြွယ်ဝပြီး အပြင်ပန်းအားဖြင့် ပို၍ဆင်းရဲသော နိုင်ငံများမှ လူအများအိပ်မက်ထဲတွင်ပင် တွေ့နိုင်မည့်အရာအားလုံး ပေါကြွယ်ဝသော၊ ကျွန်ုပ်၏ မွေးရပ်ဇာတိတွင် နေထိုင်ခြင်းမရှိပါ။ ကျွန်ုပ်ယခုနေထိုင်ရာဖြစ်သော နိုင်ငံရှိ အခွင့်အရေး လက်လွတ်ဆုံးရှုံးသူများတွင် ချမ်းသာသော နိုင်ငံများရှိ လူချမ်းသာများက မရှိမဖြစ်လိုအပ်သည်ဟု ယူဆသောအရာများ မရှိကြပါ။ သို့ရာတွင် သူတို့သည်ဘဝကို မည်သို့ခံစားမည်၊ ဘဝမှ မည်သို့ရယူမည်ကို နားလည်သဘောပေါက်ကြသည်။ သူတို့သည် ရင်းနှီးဖော်ရွေကြသည်။ လိမ်မာပါးနပ်ကြသည်။ ဂီတကိုနှစ်သက်ခုံမင် မြတ်နိုးကြသူများဖြစ်သည်။ အခိပ္ပါယ်ပြည့်ဝသော ဆွေးနွေးမှုမျိုးတွင်ပါဝင်ရန် အဆင်သင့်ဖြစ်နေတတ်ကြသည်။ ဤနိုင်ငံရှိ ကျေးလက်ဒေသများကား သာယာလှပကြသည်။ အစားအသောက်များကလည်း အရသာရှိ၍ အာဟာရဓါတ်ပြည့်ဝကြသည်။ စင်စစ်မူ ပို၍ချမ်းသာကြွယ်ဝသောနိုင်ငံများက စားသုံးကြသည့် အစားအစာများထက်ပို၍ အာဟာရဓါတ်ပြည့်ဝသည်။ အဘယ်ကြောင့်ဆိုသော် ဤနိုင်ငံရှိ ရိက္ခာများသည် ဓါတ်မြေသြဇာများ မပါဝင်သော ဖြည့်စွက်ဟော်မုန်းဓါတ်များ မရှိသော၊ မျိုးပွားအောင်ဖန်တီးမထားသော ဘုရားသခင် ကနဦးကြံရွယ်သည့် နည်းလမ်းဖြင့် ပေါက်ပွားဖြစ်ထွန်းလာကြသော အစားအစာများဖြစ်သည်။

ကျွန်ုပ်အနေဖြင့် အပေါင်းအသင်းသစ်များကို တွေ့ရသောအခါ မပြောင်းလဲဘဲ အမြဲမေးသော ပထမဦးဆုံးမေးခွန်းမှာ “ခင်ဗျားရဲ့ မိခင်နိုင်ငံက ဘာဖြစ်လို့ ထွက်လာတာလဲ။ ဒီမှာရှိတဲ့လူတိုင်းက ချမ်းသာကြွယ်ဝတဲ့ အနောက်နိုင်ငံတွေကို သွားချင်နေကြတာလေ” ဟူ၍ ဖြစ်သည်။ ထိုသို့မေးလာသည်ကို အခွင့်ကောင်းယူကာ ကျွန်ုပ်တို့ ယုံကြည်သော ဘဝ၏စစ်မှန်သော တန်ဖိုးကို သူတို့အား ရှင်းပြလေ့ရှိပါသည်။ ချမ်းသာကြွယ်ဝသောနိုင်ငံရှိ လူများသည် မည်သည့်အရာနောက်သို့ တကောက်ကောက်လိုက်နေကြပါသနည်း။ စစ်မှန်သော ပျော်ရွှင်မှုနောက်ကိုလား။ ပို၍လှပခန့်ငြားသောအိမ်၊ ပို၍ငြိမ့်ညောင်းသောကား၊ ပို၍ကြီးမားထည်ဝါသောတီဗွီ၊ ပို၍သက်တောင့်သက်သာရှိသော ဇိမ်ခံပစ္စည်းများ စသည်တို့ကဲ့သို့ ရုပ်ဝတ္ထုပစ္စည်းများနှင့် ငွေကြေးနောက်ကိုလား။

ကျွန်ုပ်နေထိုင်ရာဖြစ်သော ပြည့်ဝသော တင်းတိမ်ရောင့်ရဲမှုကို ရရှိသော ဖွံ့ဖြိုးဆဲနိုင်ငံတွင် အိမ်ခြေရာမဲ့သူများကို သင်မတွေ့ရပါ။ သူတောင်းစားများကိုလည်း တွေ့ရခဲလှသည်။ လမ်းပေါ်တွင် ခလုတ်တိုက်၍ လဲကျစရာ အရက်မူးသမားများကိုလည်း မတွေ့ရပါ။ ခနဥစ္စာမချမ်းသာသော်လည်း ရှိသမျှကို မျှဝေတတ်သော မိသားစုများနှင့် ယဉ်ကျေးမှုရှိသည့် လူများကိုသာ သင်တွေ့ရပါမည်။ အလှအပမွမ်းမံခြယ်လှယ်ထားသော မြက်ခင်းများကို သင်တွေ့ရမည်မဟုတ်ပါ။ အိမ်ရှေ့ရော၊ အိမ်နောက်ပါ စိုက်ပျိုးထားသော သီးနှံ့စိုက်ခင်းများကိုလည်းကောင်း၊ နောက်နေ့တွင် ဥ ဥရန် အင်းဆက်ပိုးများကိုစား၍ အာဟာရဖြည့်နေသော ကြက်များကိုလည်းကောင်း တွေ့ရပါလိမ့်မည်။

ကျွန်ုပ်၏မွေးဇာတိနိုင်ငံတွင်မူကား မိမိကိုယ်မိမိ သေကြောင်းကြံမှုနှုန်းသည် ကမ္ဘာပေါ်တွင် အမြင့်မားဆုံးဖြစ်နေသည်။ သောကဖိစီးမှုများ၊ အလုပ်အကိုင်မတည်မြဲမှု၊ အလုပ်လက်မဲ့များ၊ အရက်သောက်သုံးမှု၊ လင်မယားကွာရှင်းမှု၊ အထီးကျန်မှုနှင့် အခြားသော လူမှုရေးအနိဋ္ဌာရုံများ ဖြစ်ပွားမှုနှုန်းသည်လည်း အလားတူစွာပင် အမြင့်မားဆုံးဖြစ်သည်။ ထို့ပြင် ကျွမ်းကျင်သူပညာရှင်များ၏ အဆိုအရ မြင့်မားသော နည်းပညာများဖြင့် ဖန်တီးစီရင်ထားသည့် အစာအာဟာရများနှင့် ဆက်နွယ်နေသော ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းသည်လည်း အမြင့်မားဆုံးပင်ဖြစ်သည်။

လူအများ ထာဝရစိတ်ချမ်းသာစေသောနည်းလမ်းမှာ ငွေကြေးနှင့် ခနဥစ္စာရာဖွေစုဆောင်းခြင်းဖြစ်သည်ဟူသော ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာစကားကို မည်သူကများ ဝါဒဖြန့်လိုက်ပါလေသနည်း။ ဘဝ၏ စစ်မှန်သောအောင်မြင်မှုနှင့် ပြီးပြည့်စုံမှုကို ရှေ့ရှုသောလမ်းကြောင်းမှန်နှင့် တန်ဖိုးအစစ်အမှန်ကို မည်သူကများ မမြင်ကွယ်ရာ ပြုပါလေသနည်း။ ရှင်မဿဲခရစ်ဝင်အခန်း ၆ တွင် မာရ်နတ်က ယေရှုကို မည်သို့ပြောခဲ့ပါသနည်း။ “ကိုယ်တော်သည် ငါ့ကိုညွှတ်ပြတ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်” ဟု ဆိုလေသည်။ လွတ်လပ်မှုအတွက် ဘဝ၏အကောင်းဆုံးအရာများကို ဘုရားသခင်က ကျွန်ုပ်တို့အား နှင်းအပ်ခဲ့ပြီးဖြစ်သည်ကို အထူးသဖြင့် ဆင်ခြင်မိလျှင်ပင် တန်ဖိုးထိုက်တန်လှချေပြီ။

# လောဘကင်းပါစေ

## Jesus on Things that Count

သူဌေးတစ်ဦး၌ မြေကောင်း၍ အသီးအနှံများလှ၏။ ထိုသူဌေးက ငါသည်အဘယ်သို့ ပြုရမည်နည်း။ အသီးအနှံများ ထားသိုရာအရပ်မရှိ။ ပြုမည်အကြံမူကား ငါ့တိုက်များကိုဖျက်၍ ကျယ်သောတိုက်တို့ကို တည်ပြီးမှ ငါ၏အသီးအနှံ ဥစ္စာရှိသမျှတို့ကို သိုထားမည်။ ငါ့ဝိညာဉ်အားလည်း အချင်းဝိညာဉ် သင်သည်နှစ်ပေါင်းများစွာ သုံးဆောင်ရန် ဥစ္စာများကို သိုထားလျက်ရှိပြီ။ ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကိုပြုလော့။ ငါပြောမည်ဟု သူဌေးအကြံရှိသည်။ ထိုသို့အကြံရှိစဉ်တွင် ဘုရားသခင်က အချင်းလူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ဝိညာဉ်ကို ရုပ်သိမ်းရာရောက်မည်။ သို့ဖြစ်၍ သင်သည် ပြင်ဆင်သိုထားသော ဥစ္စာကို အဘယ်သူပိုင်မည်နည်းဟု သူဌေးအားမိန့်တော်မူ၏။ ထို့အတူ ကိုယ်အဖို့ဘဏ္ဍာများကို ဆည်းပူး၍ ဘုရားသခင်ရှေ့တော်၌ ဆင်းရဲသောသူမည်သည်ကား ထိုသူဌေးနှင့်တူသည်ဟု မိန့်တော်မူ၏။

ထို့ကြောင့် သင်တို့သည် အဘယ်သို့စားရမည်ဟူ၍ အသက်အဖို့ မစိုးရိမ်ကြနှင့်။ အဘယ်သို့ဝတ်ရမည်ဟူ၍ ကိုယ်အဖို့ မစိုးရိမ်ကြနှင့်ဟု ငါဆို၏။ အစာထက် အသက်မြတ်သည်မဟုတ်လော။ အဝတ်ထက် ကိုယ်မြတ်သည်မဟုတ်လော။ ကျီးကန်းများကို ကြည့်ရှု့ဆင်ခြင်လော့။ ထိုငှက်တို့သည် မျိုးစေ့ကိုမစိုက်မကျဲ၊ စပါးကိုမရိတ်၊ စပါးကျီမရှိ၊ ဘဏ္ဍာတိုက်မရှိ၊ သို့သော်လည်း ဘုရားသခင်သည် သူတို့ကို ကျွေးမွေးတော်မူ၏။ ထိုငှက်တို့ထက် သင်တို့သည် အလွတ်မြတ်သည် မဟုတ်လော။ အဘယ်သူသည် စိုးရိမ်ခြင်းအားဖြင့် မိမိ၏အသက်ကို တစ်တောင်ခန့်မျှ တိုးပွား

စေနိုင်သနည်း။ ထိုသို့ အငယ်ဆုံးသောအမှုကိုမျှ မတတ်နိုင်လျှင် ကြွင်းသောအမှုကို အဘယ်ကြောင့် စိုးရိမ်ကြသနည်း။ နှင်းပင်တို့သည် အဘယ်သို့သောအားဖြင့် ကြီးပွားသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်။ ချည်ဖြစ်စေခြင်းငှာ မငင်မဝင့်။ သို့သော်လည်း ဘုန်းကြီးသော ရှောလမုန်မင်းကြီးအဝတ်သည် ထိုအပင်တစ်ပင်မျှ၏ အဝတ်ကိုမမှီဟု ငါဆို၏။ ယုံကြည်အားနည်းသောသူတို့ ယနေ့အသက်ရှင်လျက်၊ နက်ဖြန်မီးဖိုထဲသို့ရောက်သော တောမြက်ပင်ကို ဘုရားသခင်သည် ထိုသို့သော အဝတ်နှင့် ဖုံးလွှမ်းတော်မူမည် မဟုတ်လော။ ထို့ကြောင့် အဘယ်သို့စားရအံ့နည်း။ အဘယ်သို့သောက်ရအံ့နည်းဟူ၍ မရှာဖွေကြနှင့်။ သောကမွေနှောက်ခြင်းလည်း မရှိကြနှင့်။ ထိုအရာများကို လောကီသား အမျိုးမျိုးတို့သည် ရှာဖွေတတ်ကြ၏။ ထိုအရာများကို သင်တို့သည် အသုံးလိုကြောင်းကို သင်တို့အဘသိတော်မူ၏။ သင်တို့မူကား ဘုရားသခင်၏ နိုင်ငံတော်ကို ရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့။ ဂျီးဆက် (ရှင်လုကာ ၁၂း ၁၆–၃၁)

(အန်းစပရင်း)
(By. Anne Spring)